# ကေအဲန်ယူ၏ တိုက်ခိုက်မှုကြောင့် နအဖစစ်သည် ၁၁ဦး ကျဆုံးထိခိုက်

ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ) တပ်မဟာ(၄)မှ နအဖ (၅၅၇)ခြေမြန်တပ်ရင်းမှ စစ်ကြောင်းကို မတ်လ (၂၇)ရက်နေ့တွင် ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ရာ ဒုရင်းမှူး အပါအဝင် ၁၁ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ကေအဲန်ယူ၏ တပ်မဟာ(၄)မှ တပ်ခွဲမှူး ဗိုလ်ကြီးလေးသိန်း ဦးစီးသည့် အင်အား ၁၅ဦးပါတပ်ဖွဲ့သည် ထိုနေ့ နေ့လည် (၁၁း၃၀)နာရီတွင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်ရှိ အမိုကျေးရွာတွင် အခြေစိုက်သည့် နအဖ ခမရ(၅၅၇) စစ်ကြောင်း (၂)မှ ဒုရင်းမှူး ဗိုလ်မှူးအောင်မျိုးသိန်း ဦးစီးသည့် စစ်ကြောင်းကို လက်နက်ကြီးငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု ကေအဲန်ယူ တပ်မဟာ(၄)မှ ပေးပို့လာသည့် သတင်းများအရ သိရသည်။

နာရီဝက်ကြာသည့် အဆိုပါတိုက်ပွဲတွင် ဒဏ်ရာပြင်းထန်သူများကို ထားဝယ်မြို့ဆေးရုံသို့ ပို့ဆောင်ရာ ဆင်ဖြူဒိုင်ကျေးရွာအရောက်တွင် တပ်ခွဲမှူးဗိုလ်သက်အောင်(ကြည်း–၃၆၉၂၇)၊ တပ်ကြပ်ကြီးစိုးဝင်း(အမှတ်–၅၇၆၄၈၅)၊ တပ်ကြပ်ကြီးသန့်ဇင်အောင်(အမှတ်–၁၁၈၅၀)နှင့် တပ်ကြပ်စိုးသန်း (အမှတ်–၆၇၈၄၃၂)တို့ ၄ဦးမှာ ကျဆုံးသွားခဲ့ပြီး ဒဏ်ရာရရှိသည့် ကျန်စစ်သည်များမှာ တပ်ကြပ်ကြီးဇော်ထူးအောင်၊ ဒုတပ်ကြပ်ဇော်လင်းထိုက်၊ ဒုတပ်ကြပ် အောင်ဝင်း၊ တပ်သား ဝင်းလွင်ထွန်း၊ တပ်သားရာဇာထွန်း၊ တပ်သား ကျော်သူရနှင့် တပ်သား ရဲထွတ်အောင်တို့ဖြစ်ကြောင်း သိရှိရသည်။

တိုက်ခိုက်ခံရသည့် နအဖ စစ်ကြောင်းသည် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ထီးထော့ကျေးရွာကို အခြေပြုသည့် ရှေ့တန်းအမှတ် (၁၃) စစ်ဆင်ရေးဌာနချုပ် လက်အောက်ခံ ရှေ့တန်းနည်းဗျူဟာ(၁)မှူး ဗိုလ်မှူးကြီးသန်းမြင့် ကွပ်ကဲမှုအောက်မှ စစ်ကြောင်းတကြောင်းဖြစ်သည်ဟု ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်မှ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံသို့ ပေးပို့သောတိုက်ပွဲသတင်းများအရ သိရသည်။

KIC